# အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ ပြည်တွင်းအသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ

## ပြည်တွင်းအသင်းအဖွဲ့များမှတ်ပုံတင်ခွင့်လျှောက်ထားရာတွင် ပါရှိရမည့်အချက်များ

ပြည်တွင်းအသင်းအဖွဲ့များသည် ဆန္ဒအလျောက်မှတ်ပုံတင်လိုပါက အသင်းအဖွဲ့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်သည် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ အောက်ပါအချက်များကိုဖော်ပြ၍ လျှောက်ထားရမည်-

(က) အသင်းအဖွဲ့အမည်၊

(ခ) တည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ၊

(ဂ) စတင်တည်ထောင်သည့်နေ့၊

(ဃ) ရည်ရွယ်ချက်၊

(င) လုပ်ငန်းစဉ်၊

(စ) အမှုဆောင်ဦးရေ၊

(ဆ) အသင်းဝင်ဦးရေ၊

(ဇ) အသင်းပိုင်ငွေကြေးနှင့် ပစ္စည်းစာရင်း၊

(ဈ) ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ၊

(ည) ဖွဲ့စည်းပုံနှင့်စည်းမျဉ်း၊

(ဋ) သီးခြားတင်ပြချက် (ရှိလျှင်)

(ဌ) လျှောက်ထားသည့်ရက်စွဲ၊

## ယာယီမှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း

သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် ပုဒ်မ၇အရလျှောက်ထားသော အသင်းအဖွဲ့အား လျှောက်ထားသည့်နေ့မှ ခုနှစ်ရက်အတွင်း(အစိုးရရုံးပိတ်ရက်များမပါ) ယာယီမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

## မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း

(က) နိုင်ငံတော်၏တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကိုထိခိုက်နိုင်ရန် အကြောင်း မရှိပါက အသင်းအဖွဲ့အဖြစ်မှတ်ပုံတင်ခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။ ထိုသို့ခွင့်ပြုရန်ဆုံးဖြတ်ပါက လျှောက်လွှာလက်ခံရရှိသည့် နေ့မှစ၍ မှတ်ပုံတင်လက်မှတ်ကို အောက်ဖော်ပြပါ သတ်မှတ်ကာလအတွင်း လျှောက်ထားသူအားထုတ်ပေးရမည်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မှတ်ပုံတင်ရေးအဖွဲ့ ၆၀ရက်

(၂) ခရိုင်မှတ်ပုံတင်ရေးအဖွဲ့ ၃၀ရက်

(၃) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့ ၃၀ရက်

(ခ) မှတ်ပုံတင်ခွင့်ရရှိသည့် အသင်းအဖွဲ့မှာမှတ်ပုံတင်ကြေးပေးသွင်းရန် လိုအပ်သည့် အသင်းအဖွဲ့ဖြစ်ပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းမပြုမီ သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကို ပေးသွင်းစေရမည်။

**မှတ်ပုံတင်ခွင့်မပြုကြောင်း ပြန်ကြားရမည့်ကာလ**

အသင်းအဖွဲ့အဖြစ်မှတ်ပုံတင်ခွင့်မပြုကြောင်း ဆုံးဖြတ်ပါကကျိုးကြောင်းပြည့်စုံစွာ ဖော်ပြ၍ မှတ်ပုံတင်ခွင့်မပြုကြောင်း ပြန်ကြားစာကို ထိုသို့ဆုံးဖြတ်သည့်နေ့မှစ၍ အောက်ဖော်ပြပါ သတ်မှတ် ကာလအတွင်း လျှောက်ထားသူထံပြန်ကြားရမည်-

(က) တိုင်းဒေကြီးသို့မဟုတ်ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့ ၃၀ရက်

(ခ) ခရိုင်မှတ်ပုံတင်ရေးအဖွဲ့ ၁၅ရက်

(ဂ) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့ ၁၅ရက်

မှတ်ပုံတင်ပေးရန်လျှောက်ထားသော အသင်းအဖွဲ့သည်သက်ဆိုင်ရာမှတ်ပုံတင်ရေး အဖွဲ့က မှတ်ပုံတင်ခွင့်မပြုကြောင်း အကြောင်းပြန်ကြားစာလက်ခံရရှိပါက ခွင့်မပြုသောအကြောင်းရင်းကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့နှင့် ဆွေးနွေး၍လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည် လျှောက်ထားနိုင်သည်။

**ဆောင်ရွက်ခွင့်နှင့်မှတ်ပုံတင်ကြေး**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည်သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းတွင် လုပ်ရှားဆောင်ရွက် ခွင့်ရှိသည်။ မှတ်ပုံတင်ကြေးသုံးသောင်းကျပ်သတ်မှတ်သည်။

ခရိုင်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသောအသင်းအဖွဲ့သည် သက်ဆိုင်ရာ ခရိုင်အတွင်း လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေးပေးသွင်းရန်မလို။

မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသောအသင်းအဖွဲ့သည် သက်ဆိုင်ရာ မြို့နယ်အတွင်းလှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေးပေးသွင်းရန်မလို။

**မှတ်ပုံတင်ခွင့်လျှောက်ထားရန်မလိုသော အသင်းအဖွဲ့များ**

(က) ဘာသာရေး၊ သာသနာရေးနှင့်စီးပွားရေးသက်သက်ကိုသာ ကျင့်သုံးဆောင်ရွက်သော အသင်းအဖွဲ့များ၊

(ခ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ လျှောက်ထားရမည့်နိုင်ငံရေးအသင်းအဖွဲ့များ၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားသောအသင်းအဖွဲ့များ။

**မှတ်ပုံတင်လက်မှတ်လဲလှယ်ခြင်း**

(က) သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ တစ်နှစ်တစ်ကြိမ်နှစ်ပတ်လည် အစီရင်ခံစာကို ငွေစာရင်းရှင်းတမ်းနှင့်အတူ တင်ပြရမည်။

(ခ) နှစ်စဉ်နှစ်ပတ်လည်အစီရင်ခံစာ ပုံမှန်တင်ပြခြင်းဖြင့် ဆက်လက်တည်ရှိနေသည်ဟု မှတ်ယူ၍ငါးနှစ်လျှင်တစ်ကြိမ်မှတ်ပုံတင် လက်မှတ်အသစ် လဲလှယ်ခွင့်ရှိသည်။

(ဂ) ပုဒ်မခွဲ (ခ)အရ လဲလှယ်ခြင်းအတွက်မှတ်ပုံတင်ကြေးပေးဆောင်ရန်မလို။

**တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် သို့မဟုတ် နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) မှတ်ပုံတင်ခွင့်လျှောက်ထားသည့် အသင်းအဖွဲ့များအား နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးကို ထိခိုက်နိုင်ရန်အကြောင်းရှိ၊ မရှိ ဤနည်းဥပဒေ ၄နှင့်၅ပါသတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိ၊ မရှိစိစစ်ပြီး ကိုက်ညီမှုမရှိပါက ဥပဒေပုဒ်မ၈နှင့်အညီဆောင်ရွက်၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊

(၂) နည်းဥပဒေခွဲငယ်(၁)အရ မှတ်ပုံတင်ခွင့်ရရှိသည့် အသင်းအဖွဲ့သည် မှတ်ပုံတင်ကြေးပေးသွင်းရန် လိုအပ်သည့်အသင်းအဖွဲ့ဖြစ်ပါက ဥပဒေပုဒ်မ ၁၀အရ သတ်မှတ်သော မှတ်ပုံတင်ကြေးကို သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်တွင် ပေးသွင်းစေခြင်း၊

(၃) မှတ်ပုံတင်ခွင့်သို့မဟုတ် မှတ်ပုံတင်လက်မှတ်လဲလှယ်ခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်စေခြင်း၊

(၄) မှတ်ပုံတင်ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်းအသင်းအဖွဲ့ ကိုယ်စားပြုအမှုဆောင်အဖွဲ့ဝင်များ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းလဲမှုရှိကြောင်း ဥပဒေနှင့်အညီတင်ပြလာပါက လိုအပ်သလိုစိစစ်၍ မှတ်ပုံတင်အဖွဲ့အစည်းအဝေးသို့ တင်ပြမှတ်တမ်းတင်ခွင့်ပြုခြင်း၊

(၅) မှတ်ပုံတင်ခွင့်လျှောက်ထားလာသော အသင်းအဖွဲ့များအား တစ်ဖွဲ့နှင့်တစ်ဖွဲ့ အမည်တူညီမှုမရှိစေရေးစိစစ်ခြင်း၊

(၆) နိုင်ငံအတွင်း ဘေးအန္တရာယ်တစ်မျိုးမျိုး ကြုံတွေ့နေသည့်ဒေသသို့ လူမှုရေးလုပ်ငန်းများဆောင်ရွက်လိုကြောင်း ပြည်တွင်းအသင်းအဖွဲ့ တစ်ဖွဲ့ဖွဲ့မှ တင်ပြလာခြင်းအား ခွင့်ပြုခြင်း၊ အသိပေးတင်ပြမှုအား မှတ်တမ်းတင်ခြင်း၊

(၇) အသင်းအဖွဲ့၏ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအားစိစစ်ပြီး ယာယီမှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးသည့်အချိန်တွင် ယာယီ

မှတ်ပုံတင်လက်မှတ်အား ပြန်လည်အပ်နှံစေခြင်းနှင့် သတ်မှတ်ချက် များအား ဖောက်ဖျက်ကျူးလွန်ပါက ယာယီမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊

(၈) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှမူလရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအပေါ် ပြောင်းလဲဆောင်ရွက်လိုကြောင်း သို့မဟုတ် ကျော်လွန်ဆောင်ရွက်လိုကြောင်း ဥပဒေနှင့်အညီ တင်ပြလာပါကစိစစ်ခွင့်ပြုခြင်း၊

(၉) မှတ်ပုံတင်ထားသည့်အသင်းအဖွဲ့များမှ နှစ်ပတ်လည်အစီရင်ခံစာ၊ ငွေစာရင်း ရှင်းတမ်းတို့ကို တစ်နှစ်တသ်ကြိမ်တင်ပြခြင်းရှိ၊ မရှိအား စိစစ်မှတ်တမ်းတင်ခြင်း၊

(၁၀) အဆင့်ဆင့်သော မှတ်ပုံတင်ရေးအဖွဲ့များအားကြီးကြပ်ခြင်း၊

**ခရိုင်မှတ်ပုံတင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) မှတ်ပုံတင်ခွင့်လျှောက်ထားသည့် အသင်းအဖွဲ့များအား နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးကို ထိခိုက်နိုင်ရန်အကြောင်းရှိ၊ မရှိ ဤနည်းဥပဒေ ၄နှင့်၅ပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိစိစစ်ပြီး ကိုက်ညီမှုရှိပါက ဥပဒေပုဒ်မစနှင့်အညီ ဆောင်ရွက်၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊

(၂) မှတ်ပုံတင်ခွင့်သို့မဟုတ် မှတ်ပုံတင်လက်မှတ်လဲလှယ်ခွင့်မပြုသင့်ကြောင်း ဆုံးဖြတ်ပါက ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်စေခြင်း၊

(၃) မှတ်ပုံတင်ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အသင်းအဖွဲ့ကိုယ်စားပြု အမှုဆောင်အဖွဲ့ဝင်များအကြောင်းအမျိုးမျိုးကြောင့် ပြောင်းလဲမှုရှိကြောင်း ဥပဒေနှင့်အညီ တင်ပြလာပါက လိုအပ်သလိုစိစစ်၍ မှတ်ပုံတင်ရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြမှတ်တမ်းတင်ခွင့်ပြုခြင်း၊

(၄) မှတ်ပုံတင်ခွင့်လျှောက်ထားလာသော အသင်းအဖွဲ့များအား တစ်ဖွဲ့နှင့်တစ်ဖွဲ့ အမည်တူညီမှုမရှိစေရေး စိစစ်ခြင်း၊

(၅) နိုင်ငံအတွင်းဘေးအန္တရာယ် တစ်မျိုးမျိုးကြုံတွေ့နေသည့်ဒေသသို့ လူမှုရေး လုပ်ငန်းများဆောင်ရွက်လိုကြောင်း ပြည်တွင်းအသင်းအဖွဲ့ တစ်ဖွဲ့ဖွဲ့မှ တင်ပြလာခြင်းအားခွင့်ပြုခြင်း၊ အသိပေးတင်ပြမှုအား မှတ်တမ်းတင်ခြင်း၊

(၆) အသင်းအဖွဲ့များ၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအားစိစစ်ပြီး ယာယီ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးသည့် အချိန်တွင် ယာယီမှတ်ပုံတင်လက်မှတ်အား ပြန်လည်အပ်နှံစေခြင်းနှင့် သတ်မှတ်ချက် များအား ဖောက်ဖျက်ကျူးလွန်ပါက ယာယီမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊

(၇) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ မူလရည်ရွယ်ချက်၊ လုပ်ငန်းစဉ် များအပေါ် ပြောင်းလဲဆောင်ရွက်လိုကြောင်း သို့မဟုတ် ကျော်လွန်ဆောင်ရွက်

လိုကြောင်း သို့မဟုတ် ကျော်လွန်ဆောင်ရွက်လိုကြောင်း ဥပဒေနှင့်အညီ တင်ပြလာပါက စိစစ်ခွင့်ပြုခြင်း၊

(ဈ) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ နှစ်ပတ်လည်အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းတို့ကို တစ်နှစ်တစ်ကြိမ်တင်ပြခြင်းရှိ၊ မရှိအား စိစစ်မှတ်တမ်းတင်ခြင်း၊

(ဉ) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့များအား ကြီးကြပ်ခြင်း၊

**မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) မှတ်ပုံတင်ခွင့်လျှောက်ထားသည့် အသင်းအဖွဲ့များအား နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကိုထိခိုက်နိုင်ရန်အကြောင်း ရှိ၊ မရှိ ဤနည်းဥပဒေ ၄နှင့်၅ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိစိစစ်ပြီး ကိုက်ညီမှုရှိပါက ဥပဒေပုဒ်မ၈နှင့်အညီဆောင်ရွက်၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊

(၂) မှတ်ပုံတင်ခွင့် သို့မဟုတ် မှတ်ပုံတင်လက်မှတ်လဲလှယ်ခွင့်မပြုသင့်ကြောင်း ဆုံးဖြတ်ပါက ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်စေခြင်း၊

(၃) မှတ်ပုံတင်ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အသင်းအဖွဲ့ကိုယ်စားပြုအမှုဆောင်အဖွဲ့ဝင်များ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းလဲမှုရှိကြောင်း ဥပဒေနှင့်အညီတင်ပြလာပါက လိုအပ်သလိုစိစစ်၍ မှတ်ပုံတင်ရေးအဖွဲ့အစည်းအဝေးသို့ တင်ပြမှတ်တမ်းတင်ခွင့်ပြုခြင်း၊

(၄) မှတ်ပုံတင်ခွင့်လျှောက်ထားလာသော အသင်းအဖွဲ့များအား တစ်ဖွဲ့နှင့်တစ်ဖွဲ့ အမည်တူညီမှုမရှိစေရေးစိစစ်ခြင်း၊

(၅) မှတ်ပုံတင်ခွင့်လျှောက်ထားလာသော အသင်းအဖွဲ့များအားတစ်ဖွဲ့နှင့်တစ်ဖွဲ့ အမည်တူညီမှုမရှိစေရေးစိစစ်ခြင်း၊

(၆) နိုင်ငံအတွင်း ဘေးအန္တရာယ်တစ်မျိုးမျိုး ကြုံတွေ့နေသည့်ဒေသသို့ လူမှုရေးလုပ်ငန်းများဆောင်ရွက်လိုကြောင်း ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့ဖွဲ့မှ အသိပေးတင်ပြမှုအား မှတ်တမ်းတင်ခြင်း၊

(၇) အသင်းအဖွဲ့များ၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအားစိစစ်ပြီး ယာယီမှတ်ပုံတင် လက်မှတ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်အချိန်တွင် ယာယီမှတ်ပုံတင်လက်မှတ်အား ပြန်လည်အပ်နှံစေခြင်းနှင့် သတ်မှတ်ချက်များအား ဖောက်ဖျက်ကျူးလွန်ပါက ယာယီမှတ်ပုံတင်လက်မှတ်ကိုပယ်ဖျက်ခြင်း၊

(၈) မှတ်ပုံတင်ထားသည့်အသင်းအဖွဲ့များမှ မူလရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအပေါ်ပြောင်းလဲ ဆောင်ရွက်လိုကြောင်း သို့မဟုတ် ကျော်လွန်ဆောင်ရွက်လိုကြောင်း ဥပဒေနှင့်အညီတင်ပြလာပါက စိစစ်ခွင့်ပြုခြင်း၊

(ဇ) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့များမှ နှစ်ပတ်လည်အစီရင်ခံစာ၊ ငွေစာရင်း ရှင်းတမ်းတို့ကို တစ်နှစ်တစ်ကြိမ်တင်ပြခြင်းရှိ၊ မရှိအား စိစစ်မှတ်တမ်းတင်ခြင်း၊

**ပြည်တွင်းအသင်းအဖွဲ့များ မှတ်ပုံတင်ခွင့်လျှောက်ထားရာတွင် ကိုက်ညီရမည့်စည်းကမ်းချက်များ**

(က) နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကိုကာကွယ် စောင့်ရှောက်ရမည်၊

(ခ) နိုင်ငံတော်၏ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုကိုရှေးရှုရမည်၊

(ဂ) နိုင်ငံသားများ၏ အခွင့်အရေးကို လေးစားရမည်၊

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ဘာသာ၊ သာသနာ၊ ကိုးကွယ်ယုံကြည်မှုကို လေးစားရမည်၊

(င) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများအကျိုးကို အထောက်အကူပြုနိုင်သည့် လူမှုအဖွဲ့အစည်းများဖြစ်ရမည်၊

(စ) အသင်းအဖွဲ့အမည်ပေးရာတွင် မိမိလုပ်ရှားဆောင်ရွက်မည့် နယ်မြေအဆင့်နှင့် လျော်ညီသောအမည် သတ်မှတ်လျှောက်ထားရမည်၊

(ဆ) အသင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့် နီးနွယ်ဆက်စပ်သော ပူးပေါင်းဆောင်ရွက်မည့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့ သဘောထားတောင်းခံထားသည့်စာကို ကနဦးပူးတွဲတင်ပြရမည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ သဘောထားများကို ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်အချိန်တွင် တစ်ပါတည်း တင်ပြရမည်။

**ပြည်တွင်းအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားလာသည့်အသင်းအဖွဲ့များ၏ အမှုဆောင်များ ကိုက်ညီရမည့်အရည်အချင်းများ**

(က) နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်း၊

(ခ) အသက်၁၈နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

(ဂ) သာသနာ့ဝန်ထမ်းမဟုတ်ခြင်း၊

(ဃ) ထောင်ဒဏ်ကျခံနေရသူမဟုတ်ခြင်း၊

(င) စိတ်ပေါ့သွပ်သူမဟုတ်ခြင်း၊

(စ) အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းဝင်နှင့် ပုဂ္ဂိုလ်များသို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းဝင်၊ ယင်းအဖွဲ့အစည်းဝင်များကို အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင်မဟုတ်ခြင်း၊

## မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ အသစ်ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း၊ အမည်ပြောင်းခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ

၁။ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ အသစ်ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း၊ အမည်ပြောင်းခြင်း အမှုတွဲတို့တွင် ပါဝင်ရမည့် အချက်အလက်များ

(က) ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးသော မြို့၊ ရွာ တည်ရှိမှု စာရင်းနောက်ဆုံးထုတ် Notify စာအုပ်ကိုသာ အခြေခံ၍ အသုံးပြုရန်၊

(ခ) ဖွဲ့စည်းလိုသည့် မြို့၊ရွာ၏ မူလမြေပုံ (A4 စက္ကူတွင် ကွန်ပျူတာစာစီ၊ ကာလာ မြေပုံကို သင့်လျော်သောစကေးဖြင့် အချက်အလက်ပြည့်စုံစွာ ရေးဆွဲရန်)

(ဂ) ဖွဲ့စည်းလိုသည့် မြို့၊ရွာ၏ ပြုပြင်ဖွဲ့စည်းပြီးမြေပုံ၊ (A4စက္ကူတွင် ကွန်ပျူတာစာစီ၊ ကာလာမြေပုံကို သင့်လျော်သောစကေးဖြင့် အချက်အလက်ပြည့်စုံစွာ ရေးဆွဲရန်)

(ဃ) သက်ဆိုင်ရာ မြို့နယ်သို့မဟုတ် ခရိုင်၏ မူလမြေပုံ၊ (A4စက္ကူတွင် ကွန်ပျူတာ စာစီ၊ ကာလာမြေပုံကို သင့်လျော်သောစကေးဖြင့် အချက်အလက်ပြည့်စုံစွာ ရေးဆွဲရန်)

(င) သက်ဆိုင်ရာ မြို့နယ်သို့မဟုတ် ခရိုင်၏ ပြုပြင်ဖွဲ့စည်းပြီးမြေပုံ၊ (A4စက္ကူတွင် ကွန်ပျူတာစာစီ၊ ကာလာမြေပုံကို သင့်လျော်သောစကေးဖြင့် အချက်အလက် ပြည့်စုံစွာ ရေးဆွဲရန်)

(စ) မြေပုံများပေါ်တွင် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မြေစာရင်း ဦးစီးမှူးတို့၏ အတည်ပြုလက်မှတ်ပါရှိရန်၊

(ဆ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာ၊

(ဇ) ပြုပြင်ဖွဲ့စည်းသည့် မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာအလိုက် အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ လူဦးရေနှင့် သက်ဆိုင်ရာ မြို့၊ ရွာ၏ ဧရိယာအကျယ်အဝန်း၊ စာရင်းများ၊

(ဈ) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေးမှတ်တမ်း၊

(ည) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံချက်၊

(ဋ) အမိန့်ကြော်ငြာစာ(မူကြမ်း)၊

(ဌ) အုပ်ချုပ်ရေး၊စီးပွားရေး၊ လူမှုရေးအချက်အလက်များ၊

(ဍ) အမှာစာတင်ပြရာတွင် အသုံးပြုနိုင်ရန် (ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ၊ သက်ဆိုင်ရာ အစိုးရအဖွဲ့၏ အစည်းအဝေးမှတ်တမ်း၊ သက်ဆိုင်ရာ ဝန်ကြီးချုပ်၏ ထောက်ခံချက်၊ မြေပုံ)တို့ကို တစ်မျိုးလျှင် အစုံ(၃၀)စီ ပြည့်စုံစွာ ပြုစုတင်ပြရန်၊ (လုံခြုံမှုအဆင့်အတန်းအရ **"လျှို့ဝှက်"** ဟုသာ သုံးစွဲရန်နှင့် စာမျက်နှာနံပါတ်များ မတပ်ရန်)

(ဎ) ပြုပြင်ဖွဲ့စည်းခြင်း၊ အသစ်ဖွဲ့စည်းခြင်း ဆောင်ရွက်မည့် ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများသည် သစ်တောကြိုးဝိုင်းအတွင်း ပါဝင်နေပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောတူကြောင်း ထောက်ခံချက်ပါရှိရန်၊

**၂။ မြို့တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းအမှုတွဲတွင် ပါဝင်ရမည့် အချက်အလက်များ**

(က) အမှုတွဲပြုစုရခြင်း၏ အကျိုးအကြောင်းဖော်ပြချက်၊

(ခ) သက်ဆိုင်ရာ မြို့နယ်မြေစာရင်းဦးစီးမှူး၏ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာ၊

(ဂ) ပြင်ဆင်ဖွဲ့စည်းမည့် ကျေးရွာအုပ်စု/ ကျေးရွာများ၏ လက်ရှိ နယ်နိမိတ်အလားအလာစာရင်း၊ ပြုပြင်ဖွဲ့စည်းပြီး ဖြစ်ပေါ်လာမည့် ယင်းကျေးရွာအုပ်စု၏ နယ်နိမိတ်အလားအလာစာရင်း(ရှိပါကဖော်ပြရန်)၊ တိုးချဲ့ဖွဲ့စည်းမည့်မြို့၏ နယ်နိမိတ်အလားအလာစာရင်း (နယ်နိမိတ် သတ်မှတ်ချက်များကို ကွင်းအမှတ်၊ မြေကွက်အမှတ်၊ မြစ်၊ ချောင်း၊ လမ်း၊ တံတား၊ သံကြိုး၊ ဗယ်ရင် စသည့် ထင်ရှားသော အမှတ်အသားများဖြင့် ဖော်ပြရန်)၊

(ဃ) မူလနှင့် ပြုပြင်ဖွဲ့စည်းပြီးနောက် မြို့နယ်တွင် ပါဝင်မည့် မြို့/ရပ်ကွက်များ စာရင်းကို သတ်မှတ်ပုံစံ(၄)နှင့်အညီ ဖော်ပြရန်၊

(င) မူလမြို့နယ်အတွင်းရှိ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ၊ အကျယ်အဝန်း(ဧက)စာရင်းကို သတ်မှတ်ပုံစံ(၅)နှင့်အညီ ဖော်ပြရန်၊

(စ) ပြုပြင်ဖွဲ့စည်းပြီး မြို့နယ်အတွင်းရှိ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ၊ အကျယ်အဝန်း(ဧက)စာရင်းကို သတ်မှတ်ပုံစံ(၆)နှင့် အညီ ဖော်ပြရန်၊

(ဆ) ပြင်ဆင်ဖွဲ့စည်းမည့် မြို့/ရပ်ကွက်များအတွင်းရှိ အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ နှင့် အကျယ်အဝန်း(ဧက)စာရင်းကို သတ်မှတ်ပုံစံ(၇)နှင့်အညီ ဖော်ပြရန်၊

(ဇ) မြို့အား တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရခြင်း အကြောင်းအချက်အလက်များကို ဖော်ပြပါရှိသည့် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာ (နိုင်ငံရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ လုံခြုံရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခက်အခဲများကို အကြောင်းပြရာ၌ မည်သို့မည်ပုံ အခက်အခဲရှိကြောင်း၊ ပြုပြင်ခြင်းဖြင့် မည်သို့အကျိုးရှိနိုင်ကြောင်း ပြည့်စုံစွာ ရှင်းလင်းဖော်ပြပေးရန် လိုအပ်ပါသည်)၊

(ဈ) အမိန့်ကြော်ငြာစာမူကြမ်း၊

(ည) သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ၊

(ဋ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာ၊ (တိုးချဲ့ဖွဲ့စည်းမည့် မြို့မြေ၏ မြေရာဇဝင်(ရွာမြေ၊ စားကျက်မြေ၊ မြေလွတ်၊ မြေလပ်မြေရိုင်း၊ လယ်ယာမြေ၊ သစ်တောမြေ၊ သတ္တုတွင်းမြေအစရှိသဖြင့်)ကို ဖော်ပြ၍ ရွာမြေမှလွဲပြီး ကျန်မြေအမျိုးအစားများအား သက်ဆိုင်ရာ အဖွဲ့၊ ကော်မတီ၊ ဝန်ကြီးဌာန၏ ခွင့်ပြုချက် ရရှိပြီး/မပြီး နှင့် ကျေးရွာအုပ်စု သို့မဟုတ် ကျေးရွာများ သို့မဟုတ် ကျေးရွာအား

မြို့အဖြစ် တိုးမြှင့်ဖွဲ့စည်းရာတွင် မြို့အင်္ဂါရပ်များနှင့် ကိုက်ညီမှု ရှိ/မရှိ ပြည့်စုံစွာ ရှင်းလင်းဖော်ပြပေးရန်)၊

(ဋ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေးမှတ်တမ်း၊

(ဌ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်၏ ထောက်ခံချက်၊

(ဎ) တိုးချဲ့ဖွဲ့စည်းမည့် မြို့မြေသည် စားကျက်မြေ/ လယ်ယာမြေ/ သစ်တောမြေ/ မြေလွတ်မြေလပ်မြေရိုင်း/ သတ္တုတွင်းမြေ(ရတနာမြေ)အတွင်း ပါဝင်နေပါက သက်ဆိုင်ရာ အဖွဲ့/ ကော်မတီ/ ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုကြောင်း ထောက်ခံချက် ပါရှိရန်၊

(ဏ) မူလ မြို့နယ်မြေပုံ၊ ပြုပြင်ဖွဲ့စည်းပြီး မြို့နယ်မြေပုံ၊ မူလ မြို့မြေပုံ၊ ပြုပြင်ဖွဲ့စည်းပြီး မြို့မြေပုံ၊ မူလ ကျေးရွာအုပ်စုမြေပုံ၊ ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စုမြေပုံ(ရှိပါက)၊ တိုးချဲ့ဖွဲ့စည်းမည့် မြို့မြေပုံ အစရှိသဖြင့် (A4စက္ကူတွင် ကွန်ပျူတာစာစီ၊ ကာလာမြေပုံကို သင့်လျော်သောစကေးဖြင့် အချက်အလက်ပြည့်စုံစွာ ရေးဆွဲရန်)

**၃။ ကျေးရွာအုပ်စု/ ကျေးရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းအမှုတွဲတွင် ပါဝင်ရမည့် အချက်အလက်များ**

(က) အမှုတွဲပြုစုရခြင်း၏ အကျိုးအကြောင်းဖော်ပြချက်၊

(ခ) သက်ဆိုင်ရာ မြို့နယ်မြေစာရင်းဦးစီးမှူး၏ ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ၊

(ဂ) ပြင်ဆင်ဖွဲ့စည်းမည့် ကျေးရွာအုပ်စု/ကျေးရွာ၏ မူလ နယ်နိမိတ်အလားအလာစာရင်း၊ ပြုပြင်ဖွဲ့စည်းပြီး ဖြစ်ပေါ်လာမည့် ယင်းကျေးရွာအုပ်စု/ကျေးရွာ၏ နယ်နိမိတ်အလားအလာစာရင်း၊ တိုးချဲ့ဖွဲ့စည်းမည့် ကျေးရွာအုပ်စု/ကျေးရွာ၏ နယ်နိမိတ်အလားအလာစာရင်း(နယ်နိမိတ် သတ်မှတ်ချက်များကို ကွင်းအမှတ်၊ မြေကွက်အမှတ်၊ မြစ်၊ ချောင်း၊ လမ်း၊ တံတား၊ သံကြိုး၊ ဗယ်ရင် စသည့် ထင်ရှားသော အမှတ်အသားများဖြင့် ဖော်ပြရန်)၊

(ဃ) မူလကျေးရွာအုပ်စု/ကျေးရွာနှင့် တိုးချဲ့ဖွဲ့စည်းမည့် ကျေးရွာအုပ်စု/ ကျေးရွာတို့တွင် ပါဝင်မည့် ကွင်းများ၊ မြေကွက်များ၊ မြေဧရိယာဧကနှင့် စိုက်ပျိုးမြေဧက စာရင်းများ ဖော်ပြရန်၊

(င) မူလကျေးရွာအုပ်စုနှင့် တိုးချဲ့ဖွဲ့စည်းမည့် ကျေးရွာအုပ်စုတို့တွင် ပါဝင်မည့် ကျေးရွာအလိုက် အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေနှင့် အကျယ်အဝန်း(ဧက) စာရင်းကို သတ်မှတ်ပုံစံ(၁၀)နှင့်အညီ ဖော်ပြရန်၊

(စ) မူလကျေးရွာအုပ်စုအပါအဝင် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ၏ ကျေးရွာအလိုက် အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေနှင့် အကျယ်အဝန်း(ဧက)စာရင်းကို သတ်မှတ်ပုံစံ(၁၁)နှင့်အညီ ဖော်ပြရန်၊

(ဆ) မူလကျေးရွာအုပ်စုနှင့် တိုးချဲ့ဖွဲ့စည်းမည့် ကျေးရွာအုပ်စုတို့တွင် ပါဝင်မည့် ကျေးရွာအလိုက် အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေနှင့် အကျယ်အဝန်း(ဧက) စာရင်းကို သတ်မှတ်ပုံစံ(၁၂)နှင့်အညီ ဖော်ပြရန်၊

(ဇ) ကျေးရွာအုပ်စု/ကျေးရွာအား တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရခြင်း အကြောင်းအချက်အလက်များကို ဖော်ပြပါရှိသည့် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ (နိုင်ငံရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ လုံခြုံရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခက်အခဲများကို အကြောင်းပြရာ၌ မည်သို့မည်ပုံ အခက်အခဲရှိကြောင်း၊ ပြုပြင်ခြင်းဖြင့် မည်သို့အကျိုးရှိနိုင်ကြောင်း ပြည့်စုံစွာ ရှင်းလင်းဖော်ပြပေးရန် လိုအပ်ပါသည်)၊

(ဈ) အမိန့်ကြော်ငြာစာမူကြမ်း၊

(ည) သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ၊

(ဋ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာ၊ (တိုးချဲ့ဖွဲ့စည်းမည့် ကျေးရွာအုပ်စု/ ကျေးရွာ၏ မြေရာဇဝင်ကို ဖော်ပြ၍ မြို့/ရွာမြေမှလွဲပြီး ခွင့်ပြုချက်ရရှိပြီးခြင်း ရှိ/မရှိ ထည့်သွင်းဖော်ပြပေးရန်)၊

(ဌ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေးမှတ်တမ်း၊

(ဍ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်၏ ထောက်ခံချက်၊

(ဎ) တိုးချဲ့ဖွဲ့စည်းမည့် ကျေးရွာအုပ်စု/ ကျေးရွာများသည် စားကျက်မြေ၊ မြေလွတ် မြေလပ်မြေရိုင်း၊ လယ်ယာမြေ၊ သစ်တောမြေ၊ သတ္တုတွင်းမြေ(ရတနာမြေ) အတွင်း ပါဝင်နေပါက သက်ဆိုင်ရာ အဖွဲ့/ ကော်မတီ/ ဝန်ကြီးဌာန၏ သဘောတူ ခွင့်ပြုကြောင်း ထောက်ခံချက်ပါရှိရန်၊

(ဏ) မူလ မြို့နယ်မြေပုံ၊ ပြုပြင်ဖွဲ့စည်းပြီး မြို့နယ်မြေပုံ၊ မူလ ကျေးရွာအုပ်စုမြေပုံ၊ ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စုမြေပုံ၊ တိုးချဲ့ဖွဲ့စည်းမည့် ကျေးရွာအုပ်စု မြေပုံ အစရှိသဖြင့် (A4စက္ကူတွင် ကွန်ပျူတာစာစီ၊ ကာလာမြေပုံကို သင့်လျော်သော စကေးဖြင့် အချက်အလက်ပြည့်စုံစွာ ရေးဆွဲရန်)

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ ပြင်ဆင်သည့်ဥပဒေနှင့်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ၊ ပြင်ဆင်သည့်နည်းဥပဒေများအရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး တို့တွင် ပြည့်စုံရမည့်အရည်အချင်းများ

(က) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်ခြင်း၊

(ခ) အသက်၂၅နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

(ဂ) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး ငါးနှစ် နေထိုင်လျှက်ရှိသူဖြစ်ပြီးလက်ရှိတာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အမှန်တကယ်နေထိုင်မည့်သူဖြစ်ခြင်း၊ ခြွင်းချက်။ ဒေသခံအငြိမ်းစား ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း(၂)နှစ်နေထိုင်သူကို ထည့်သွင်း စဉ်းစားနိုင်သည်။

(ဃ) ရပ်ရွာကကြည်ညိုလေးစားခြင်းခံရပြီး သိက္ခာသမာဓိရှိသူဖြစ်ခြင်း၊

(င) ပေးအပ်သည့်တာဝန်ကို ထမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ခြင်း၊

(စ) နိုင်ငံတော်နှင့် ရပ်ရွာဒေသ၏ အကျိုးကို စေတနာထက်သန်စွာဖြင့် တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိသူဖြစ်ခြင်း၊

(ဆ) အတူနေ မိသားစုဝင်များသည်လည်း အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူများဖြစ်ခြင်း၊

(ဇ) တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းမဟုတ်ခြင်း၊

(ဈ) လက်နက်ကိုင်အဖွဲ့အစည်းဝင်နှင့် မတရားအသင်းအဖွဲ့များ၌ ပါဝင်သူ၊ ဆက်သွယ်သူမဟုတ်ခြင်း၊

### ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူများက ရွေးချယ်ပေးသော ယင်းတာဝန်ကို ထမ်းဆောင်ရန် ဆန္ဒရှိသည့် ရပ်မိရပ်ဖ ငါးဦးကို ကြီးကြပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်း တာဝန်ပေးအပ်ရမည်။

### ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုစာရင်းများရယူ၍ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာ အလိုက် တစ်ဆက်တစ်စပ်တည်းအစဉ်လိုက်ဖြစ်သော ဆယ်အိမ်စု အစုအဖွဲ့နှင့် ရာအိမ်စု အစုအဖွဲ့များကို ဖွဲ့စည်းရမည်။

(ခ) ဆယ်အိမ်စုအသီးသီးတွင် နေထိုင်ကြသော အိမ်ထောင်စု ကိုယ်စားလှယ်တို့အား စုစည်း၍ မိမိတို့နေထိုင်ရာ ဆယ်အိမ်စုအတွင်း နေထိုင်သူများအနက်မှ ပုဒ်မ ၅ပါအရည်အချင်းများနှင့်ပြည့်စုံသူ တစ်ဦးကို အများဆန္ဒနှင့်အညီ ဆယ်အိမ်မှူး အဖြစ်ရွေးချယ်ရမည်။

(ဂ) ရာအိမ်စုအသီးသီးတွင် ရွေးချယ်ခံရသော ဆယ်အိမ်မှူးများအနက်မှ ရာအိမ်မှူး တစ်ဦးကို သက်ဆိုင်ရာ ရာအိမ်စုအတွင်းရှိအိမ်ထောင်စု ကိုယ်စားလှယ်များက အများဆန္ဒနှင့်အညီ ရွေးချယ်ရမည်။

(ဃ) ရွေးချယ်ခြင်းခံရသော ရာအိမ်မှူးတစ်ဦးတည်းသာရှိပါက ယင်းပုဂ္ဂိုလ်အား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ် တာဝန် ပေးအပ်နိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။

(င) ရွေးချယ်ခြင်းခံရသည့်ရာအိမ်မှူးတစ်ဦးထက်ပိုပါက ယင်းပုဂ္ဂိုလ်အား-

(၁) ရပ်ကွက်များတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးလောင်းများ အဖြစ်လည်းကောင်း၊ ကျေးရွာအုပ်စုများတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလောင်းများ အဖြစ် လည်းကောင်း၊ အမည်စာရင်းပြုစုရမည်။

(၂) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်းများအဖြစ် အမည်စာရင်းပြုစုရာတွင် အုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်ရန် ဆန္ဒ မပြုသည့်ရာအိမ်မှူးများရှိပါက ယင်းတို့၏အမည်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်းအမည်စာရင်းတွင် ချန်လှပ်ရမည်။

(စ) ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ်(၁)အရ ပြုစုထားသော အမည်စာရင်းပါ ပုဂ္ဂိုလ်များ အနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စု ကိုယ်စားလှယ်များက သတ်မှတ်ထားသောနေ့ရက်တွင်လျှို့ဝှက်ဆန္ဒမဲပေးပြီး ရွေးချယ်စေရမည်။ ရရှိသောဆန္ဒမဲများကို ရေတွက်၍ ဆန္ဒမဲအများ အနည်းအလိုက် အမည်စာရင်းပြုစုပြီးကြေညာရမည်။

(ဆ) ကျေးရွာတစ်ရွာထက် ပိုမိုဖွဲ့စည်းထားသော ကျေးရွာအုပ်စုများတွင် သက်ဆိုင်ရာ ကျေးရွာတာဝန်ခံအဖြစ် ဆယ်အိမ်မှူး၊ရာအိမ်မှူးများက မိမိတို့ထဲမှ တစ်ဦးကို အများဆန္ဒနှင့်အညီ ရွေးချယ်ရမည်။

(ဇ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်-

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံရသူ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ၊

(၂) ကျေးရွာတာဝန်ခံများ၊ ရာအိမ်မှူးများအဖြစ် ရွေးချယ်ခြင်း ခံရသူများ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ၊

(၃) ဆယ်အိမ်မှူးများ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ။

**ခန့်အပ်တာဝန်ပေးအပ်ခြင်း**

မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့က ပုဒ်မ ၇၊ ပုဒ်မခွဲ(ဇ)အရ တင်ပြလာသော အမည်စာရင်းပါပုဂ္ဂိုလ်များအား စိစစ်ပြီး ပုဒ်မ(၅)ပါအရည်အချင်းများနှင့်ပြည့်စုံပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်ရမည်။ သက်ဆိုင်ရာ ကျေးရွာတာဝန်ခံ၊ရာအိမ်မှူး၊ဆယ်အိမ်မှူးများအဖြစ် တာဝန်ပေးရမည်။

**ရာထူးသက်တမ်းကာလသတ်မှတ်ခြင်းနှင့်တာဝန်ထမ်းဆောင်ခြင်း**

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ရာထူးသက်တမ်းသည် သာမာန်အားဖြင့်နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။ ယင်း၏သက်တမ်းသည် တဆက်တည်း နှစ်ကြိမ်ထက်မပိုစေရ။ သို့ရာတွင် အုပ်ချုပ်ရေးမှူးသက်တမ်း၏ ထက်ဝက်ထက်မပိုသော ကြားဖြတ် တာဝန် ယူသည့် ကာလကို ရာထူးသက်တမ်းတစ်ခုဟု မသတ်မှတ်ရ။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည်နိုင်ငံတော်သမ္မတ၏ သက်တမ်းသစ်ကာလတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအသစ် ရွေးချယ်ခန့်အပ်တာဝန် ပေးပြီးသည့်အချိန်အထိ တာဝန်ထမ်းဆောင် ရမည်ဖြစ်ပြီး လုပ်ငန်းတာဝန်များကို စနစ်တကျ လွှဲပြောင်းပေးရမည်။

**တာဝန်မှ နုတ်ထွက်ခွင့်ပြုခြင်း၊တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း**

မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လျှင် စုံစမ်းစစ်ဆေးမှုပြုရန် လိုအပ်ပါက အဖွဲ့ဖြင့် စုံစမ်းစစ်ဆေးမှုပြုပြီး နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းပြုနိုင်သည်-

(က) တာဝန်မှနုတ်ထွက်ခွင့်ပြုရန် တင်ပြချက်ကိုလက်ခံရရှိခြင်း၊

(ခ) အခန်း(၅)ပါလိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်း၊

(ဃ) အခြားအရပ်ဒေသတစ်ခုခုသို့ အမြဲတမ်းပြောင်းရွှေ့ခြင်း၊

(င) ကွယ်လွန်ခြင်း၊

(စ) ဤဥပဒေအခန်း(၃)တွင်ပြဋ္ဌာန်းထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏အရည်အချင်းပျက်ယွင်းခြင်း။

**ယာယီတာဝန်ပေးအပ်ခြင်း**

ရပ်ကွက် သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး တစ်ဦးဦးအား နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း၊ ယာယီခွင့်ခံစားခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍-

(က) နုတ်ထွက်ခွင့်ပြုခြင်း သို့မဟုတ် တာဝန်မှရပ်စဲခြင်းကြောင့် လစ်လပ်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနေရာအတွက် ပုဒ်မ ၅ ၊ ၆ နှင့် ၇တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်၍ ရက်ပေါင်း ၃၀အတွင်း အစားထိုး ခန့်အပ်တာဝန်ပေးရမည်။

(ခ) အစားထိုးတာဝန်ပေးအပ်ခြင်းခံရသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ သက်တမ်းကာလသည် နုတ်ထွက်ခွင့်ပြုခြင်းသို့မဟုတ် တာဝန်မှ ရပ်စဲခြင်း ခံရသူ၏ ကျန်သက်တမ်းကာလအတွက်သာဖြစ်ရမည်။

(ဂ) တာဝန်မှ ယာယီ ရပ်ဆိုင်းခံရသည့်ကာလတွင်ဖြစ်စေ၊ နုတ်ထွက်ခြင်း တာဝန်မှ ရပ်စဲခြင်း၊ ကွယ်လွန်ခြင်း သို့မဟုတ် အခြားအကြောင်းကြောင့် လစ်လပ်နေသည့် ကာလတွင်ဖြစ်စေ၊ ယာယီခွင့်ခံစားခွင့်ပြုသည့် ကာလတွင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ တာဝန်ကို ထမ်းဆောင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၇ ၊ ပုဒ်မခွဲ(စ)အရ ဆန္ဒမဲ ဒုတိယအများဆုံး ရရှိသည့် ရာအိမ်မှူးတစ်ဦးဦးအား ယာယီ တာဝန်ပေးအပ်ရမည်။ ဆန္ဒမဲဒုတိယ အများဆုံးရရှိသူက ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ပေါ်ပေါက်လျှင် သင့်လျော်သည့် ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူး တစ်ဦးဦးအား ယာယီ တာဝန်ပေး အပ်ရမည်။

**ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ၏ တာဝန်**

(က) ကျေးရွာတာန်ခံနှင့် ရာအိမ်မှူးများသည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ အတွက် အကြံပေးခြင်း၊ အထောက်အကူပြုခြင်းတို့ ဆောင်ရွက်ရန် တာဝန် ရှိသည်။

(ခ) ဆယ်အိမ်မှူးများသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူး၏ ဦးဆောင်စီမံမှု နှင့်အတူ ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိသည်။